The Indemnity and Validation Act. 1950.
(Act No XXIII of 1950)

# ၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေး အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေး အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "စစ်သေနာပတိချုပ်" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ သက်နက်ကိုင်ဘပ်ပေါင်းစုံ စစ်သေနာပတိချုပ်ကိုဆိုလိုသည်။

(ခ) "တချက်လွှတ်ဥပဒေ" ဆိုသည်မှာ၊ ၁၉၄၈ ခုနှစ်၊ စစ်ဥပဒေ ထုတ်ပြန် ကြေညာမှုဆိုင်ရာ တချက်လွှတ်ဥပဒေ (၁၉၄၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၅) ကို ဆိုလိုသည်။

(ဂ) ရာဇဝတ် ပြစ်မှုကိုဖြစ်စေ၊ တရားမ ပြစ်မှုကိုဖြစ်စေ ရည်ညွှန်း၍ အသုံးပြုသည့်အခါ၊ "အပြုအမူ" ဆိုသည့် စကားရပ်တွင် ဆက်ကာ ဆက်ကာ ပြုသည့် အပြုအမူများလည်း ပါဝင်သည်။ ထိုပြင် ပြုသည့် အပြုအမူများကို ရည်ညွှန်းသည့် စကားရပ်သည် ပျက်ကွက်မှုများကိုလည်းရည်ညွှန်းသည်။

(ဃ) "သောင်းကျန်းမှု ကာလ အပိုင်းအခြား" ဆိုသည်မှာ၊ အရပ် ဒေသတခုခုနှင့်စပ်လျဉ်း၍ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ဤအက်ဥပဒေကိစ္စအလို့ငှါ၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ စာဖြင့်၊ ထိုအရပ်ဒေသအတွက် သောင်းကျန်းမှု ကာလ အပိုင်း အခြား ကုန်ဆုံးသည့်နေ့ဟု သတ်မှတ်သည့် နေ့အထိ ကာလ အပိုင်းအခြားကိုဆိုလိုသည်။

၃။ ။(၁) တချက်လွှတ် ဥပဒေပုဒ်မ ၂ အရ ထုတ်ပြန်သည့် ကြေညာ ချက် တည်ဆဲတွင်၊ စစ်သေနာပတိချုပ်က ခန့်အပ် ဖွဲ့စည်းထားသည့် တရားရုံးများ၊ အာဏာပိုင်များနှင့် ခုံအဖွဲ့ များက ချမှတ်ခဲ့သောအမိန့်စီရင်ချက်၊ ပြစ်ဒဏ်စီရင်ခြင်းတို့ သည်၊ ထိုကြေညာချက်ရုပ်စဲသော်လည်း၊ တည်မြဲလျက်ရှိစေရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြခဲ့သော တရားရုံးများ၊ အာဏာပိုင်များ၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ ပြစ်ဒဏ် စီရင်ချက် အရ ထောင်ဒဏ် ဖြစ်စေ၊ အခြား ပြစ်ဒဏ်ဖြစ်စေ ခံရသူတိုင်းသည်၊ တချက်လွှတ် ဥပဒေပုဒ်မ ၂ အရ ထုတ်ပြန် သည့် ကြေညာချက် ရုပ်စဲသော်လည်း၊ အဆိုပါထောင်ဒဏ်ကို၊ သို့တည်းမဟုတ် အခြား ပြစ်ဒဏ်ကို၊ ထိုပြစ်ဒဏ်စီရင်ချက်အရ ဆက်လက်၍ခံရမည်။

**Price.—One anna.]**

(၃) တချက်လွှတ်ဥပဒေပုဒ်မ ၂ အရ ထုတ်ပြန်သည့် ကြေညာချက် တည်ဆဲတွင်၊ မူလရာဇဝတ်တရားရုံးများနှင့် ခုံအဖွဲ့များ၏ပြစ်ဒဏ်စီရင်ချက်များကို ကြည့်ရှုပြင်ဆင်ရန်စစ်သေနာပတိချုပ်က ခန့်အပ်ထားသောတရားရုံးများတွင်၊ သို့တည်းမဟုတ် အာဏာပိုင်များထံတွင်၊ ထို ကြေညာချက် ရပ်စဲသည့်အခါ၌ မပြီးမပြတ်ဖြစ်နေသော ကြည့်ရှုပြင်ဆင်မှုများကို၎င်း၊ ထိုကြေညာချက်တည်ဆဲတွင် တချက်လွှတ်ဥပဒေအရ ခန့်အပ်ထားသော မူလရာဇဝတ်ရုံးများနှင့် ခုံအဖွဲ့များက ချမှတ်ပြီးဖြစ်သောအမိန့်၊ စီရင်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ် စီရင်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်မည့် ကြည့်ရှုပြင်ဆင်မှုများကို၎င်း၊ ထိုကြေညာချက်ရပ်စဲသော်လည်း တည်မြဲလျက်ရှိသကဲ့သို့၊ အပြီးတိုင်အောင် ဆက်လက်၍ ကြည့်ရှုပြင်ဆင်ရန်၊ သက်ဆိုင်ရာတရားရုံးများနှင့် အာဏာပိုင်များမှာ အာဏာရှိရမည်။

၄။ ။(၁) ရေတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ ကုန်းတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လေတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ မြို့ဘက်ဆိုင်ရာ အမှုထမ်း အရာထမ်း အဖြစ်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအဖွဲ့ဝင် ပြည်နယ်တခုခု၏အမှုကို ထမ်းရွက်သူကသော်၎င်း၊ ယင်းသို့အမှုထမ်းရွက်သူ၏အခွင့်အာဏာအရ၊ အခြားဆောင်ရွက်သူ တဦးတယောက်ကသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြင်ပ၌ဖြစ်စေ၊ သောင်းကျန်းမှု ကာလအပိုင်းအခြားအတွင်း—

(က) မိမိ၏တာဝန်ဝတ်တရားများကိုဆောင်ရွက်ရာ၌သော်၎င်း၊
(ခ) သောင်းကျန်းမှုကိုနှိမ်နင်းရန်အတွက်သော်၎င်း၊
(ဂ) ငြိမ်ဝပ်ပိပြားရေး တည်မြဲစေရန်အတွက်၊ သို့တည်းမဟုတ် ပြန်လည်ရရှိရန်အတွက်သော်၎င်း၊
(ဃ) စည်းကမ်းသေဝပ်မှုရှိအောင် ဆောင်ရွက်ရန်သော်၎င်း၊
(င) ပြည်သူ့လုံခြုံမှုရရှိအောင်ဆောင်ရွက်ရန်အတွက်သော်၎င်း၊
(စ) တိုင်းသူပြည်သားတို့ နေထိုင်စားသောက် ဝတ်ဆင်ရေး အတွက် အထူးလိုအပ်သောအရာဝတ္ထုများနှင့်ဆောင်ရွက်မှုများကို စီမံထားရှိရန်အတွက်သော်၎င်း၊
(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံကာကွယ်ရေးအတွက်သော်၎င်း၊
(ဇ) အခြားနည်း ပြည်သူ့အကျိုးဖြစ်ထွန်းရန်အတွက်သော်၎င်း၊

သဘောရိုးဖြင့် အပြုအမူ တခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် ပြုသည့် သဘောဖြင့် ဆောင်ရွက်လျှင်၊ ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကိုအကြောင်းပြု၍၊ သို့တည်းမဟုတ် ထိုအပြုအမူနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ အမှုအခင်းစွဲဆိုခြင်းကို၊ သို့တည်းမဟုတ် လက်ခံစစ်ဆေးခြင်းကိုမပြုရ။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပ၌ဖြစ်စေ၊ သောင်းကျန်းမှု ကာလအပိုင်းအခြားအတွင်း၊ ပုဒ်မခွဲ(၁)တွင် ဖော်ပြထားသည့်တပ်သား၊ သို့တည်းမဟုတ် အမှုထမ်းရာထမ်းအဖြစ်ဖြင့် ဆောင်ရွက်သူတဦးတယောက်က၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့်အခြေအနေများအရ၊ ထိုပုဒ်မခွဲတွင် ဖော်ပြထားသည့် အကြောင်းတခုခုအတွက်ပြုသည့်၊ သို့တည်းမဟုတ် ပြုသည့်သဘော

ဖြင့် ဆောင်ရွက်သည့်အပြုအမူတခုခုကို သဘောရိုးဖြင့်ပြုခဲ့သည်မဟုတ်ကြောင်းဖြင့်စွပ်စွဲလျှင်၊ ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကို အကြောင်းပြု၍၊ သို့တည်းမဟုတ် ထိုအပြုမူနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတ၏ အခွင့်အမိန့်ကို ကြိုတင်မရရှိဘဲ၊ တရားမကြောင်းဖြင့် ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ စွဲဆိုသည့်အမှု အခင်းကို မည်သည့်တရားရုံးတွင်မျှလက်ခံစစ်ဆေးခြင်းမပြုရ။

(၃) ဆိုခဲ့သည့်အမှုထမ်းရွက်သူ ပြုသောအပြုအမူ တခုခုကို၊ ဆိုခဲ့သည့် အကြောင်းတခုခုအတွက် ဆောင်ရွက်ရာ၌ ပြုခဲ့သည်ဟူ၍ သော်၎င်း၊ အခြားသူတဦးတယောက်ပြုသောအပြုအမူတခုခုကိုဆိုခဲ့သည့် အမှုထမ်းရွက်သူ၏ အခွင့်အာဏာအရဆိုခဲ့သည့်အကြောင်းတခုခုအတွက် ပြုခဲ့သည်ဟူ၍မူသော်၎င်း ဖော်ပြပါရှိသော နိုင်ငံတော်သမတ၏အခွင့်အမိန့်အရထုတ်ပေးသည့် လက်မှတ်သည်၊ ဤပုဒ်မအလို့ငှါ၊ ထိုလက်မှတ်တွင်ပါရှိသည့်အတိုင်း အပြီးပြတ်တည်သောသက်သေခံထင်ရှားချက်ဖြစ်ရမည်။ ထို့ပြင် ယင်းသို့ပြုခဲ့သည့် အပြုအမူတခုခုကို သဘောရိုးဖြင့် ပြုခဲ့သည်မဟုတ်ဟု ထင်ရှားမပြနိုင်လျှင်၊ ယင်းသို့မပြသမျှ ကာလပတ်လုံး၊ ထိုအပြုအမူကိုသဘောရိုးဖြင့် ပြုခဲ့သည်ဟုမှတ်ယူရမည်။

၅။ ။ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ—

(က) ပြည်ထောင်စု နိုင်ငံတော် အစိုးရတာဖြစ်စေ၊ ပြည်ထောင်စု နိုင်ငံတော်အစိုးရ၏ကိုယ်စားဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အစိုးရကဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရ၏ ကိုယ်စားဖြစ်စေ၊ တရားမကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းဖြင့်အမှုစွဲဆိုခြင်းကိုသော်၎င်း၊

(ခ) ပဋိညာဉ်အရအခွင့်အရေးများနှင့်ဖြစ်စေ၊ ပဋိညာဉ်ပျက်ကွက်မှုများနှင့်ဖြစ်စေ စပ်လျဉ်းသည့်အမှုများကို၊ သောင်းကျန်းမှု ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့နှင့် အချင်းဖြစ်အကြောင်းအရာပေါ်ပေါက်သည့်နေ့များအနက် နောက်ကျရာနေ့မှ တနှစ်အတွင် တရားမကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းဖြင့်စွဲဆိုခြင်းကိုသော်၎င်း၊

ထိခိုက်သည်ဟု မမှတ်ယူရ။

၆။ ။၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့် တည်ငြိမ်ရေး အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၈) ကို၊ ဤအက်ဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

G.U.B.C.P.O.—No. 1, M. of J.A., 23-11-50-2,000—II